KAREN RIVERS WATCH

# အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများနေ့နှင့် ရေကာတာဆန့်ကျင်ရေးနေ့အတွက် ကရင်မြစ်ချောင်းများစောင့်ကြည့်ရေးအဖွဲ့မှ သဘောထားထုတ်ပြန်ချက်

## မတ်လ ၁၄ ရက်၊ ၂၀၂၃ ခုနှစ်

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများဆိုင်ရာလှုပ်ရှားမှုနေ့တွင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်ရှင်နေထိုင်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်သည့် သက်ရှိမြစ်များကို ဂုဏ်ပြုကာ ဤအဖိုးတန်သယံဇာတများကိုအကာအကွယ်ပေးရန်အတွက် ကမ္ဘာတစ်ဝှမ်းရှိ အစိုးရများ၊ လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့်အတူ စည်းလုံးညီညွတ်စွာရပ်တည်လျက်ရှိပါသည်။

မြစ်ချောင်းများသည် စိုက်ပျိုးရေးအတွက် ရေပေးဝေခြင်း၊ သောက်သုံးရေနှင့် အစာထုတ်လုပ်ခြင်း၊ စွမ်းအင်ထုတ်လုပ်ခြင်းနှင့် သယ်ယူပို့ဆောင်ရေး၊ စသည့် လူသားမျိုးနွယ်စုအတွက် မရှိမဖြစ်လိုအပ်သော ဂေဟစနစ်ဝန်ဆောင်မှုများကို လုပ်ဆောင်ပေးပြီး မရေမတွက်နိုင်သော သစ်ပင်၊ ပန်းမန်များနှင့် တိရစ္ဆာန်မျိုးစိတ်များ၏ ရှင်သန်မှုအတွက် အရေးကြီးပါသည်။ သို့သော်လည်း သက်ရှိမြစ်များသည် ရေကာတာများတည်ဆောက်ခြင်း၊ ရေအရင်းအမြစ်နှင့် သယံဇာတထုတ်ယူခြင်းစသော ခြိမ်းခြောက်မှုအန္တရာယ်များကို ရင်ဆိုင်နေရပါသည်။ အထူးသဖြင့် မြန်မာနိုင်ငံရှိမြစ်ချောင်းများပေါ်တွင် တည်ဆောက်မည့် အကြီးစားရေအားလျှပ်စစ်စီမံကိန်းများသည် မြစ်ဝှမ်းဒေသရှိ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများအတွက် ဆိုးကျိုးများ ရှိနေပါသည်။

မြန်မာနိုင်ငံအတွင်း အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးများကို လျစ်လျူရှုထားပြီး ပြည်သူများအနေဖြင့် ဆုံးဖြတ်ပိုင်ခွင့်၊ ပါဝင်ခွင့် နှင့် မြေယာပိုင်ဆိုင်ခွင့်များ ဆုံးရှုံးလျက်ရှိနေပါသည်။ ထို့ပြင် ပြည်သူများ၏အခွင့်အရေးများသည် မြန်မာနိုင်ငံ၏ ဗဟိုချုပ်ကိုင်မှုစနစ်ကြောင့် အသိအမှတ်ပြုခြင်းမခံရပေ။ စစ်အာဏာသိမ်းပြီး ၂ နှစ်တာကာလအတွင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ များပြားလာပြီး အရေးတယူဆောင်ရွက်ရန် ယန္တရားများ ပျက်စီးယိုယွင်းလာခဲ့သည်။

အာဏာသိမ်းပြီးကာလ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခေါင်းဆောင်မှ ကရင်ပြည်နယ် သံလွင်မြစ်ပေါ်ရှိ ဟက်ကြီးရေကာတာ စီမံကိန်းကို ပြန်လည်လုပ်ဆောင်မည်ဟု အသိပေးကြေညာခဲ့သည်။ ကရင်ပြည်နယ်၊ သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ဟက်ကြီးရေကာတာစီမံကိန်း

နေရာတွင် ၂၀၁၄ ခုနှစ်ကတည်းက စစ်ရေးပဋိပက္ခများ ဖြစ်ပေါ်ခဲ့ပြီး ဒေသနေပြည်သူများအား နေရပ်စွန့်ခွာထွက်ပြေးရခြင်းများ ဖြစ်စေခဲ့သည်။ မြစ်ချောင်းများအတွင်း ရွှေတူးဖော်မှုများ၊ မြစ်သဲ ကျောက်ထုတ်ယူရေးလုပ်ငန်းများ၊ သတ္တုတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ချောင်းများ အဆိပ်သင့်လာပြီး မြစ်ကြောင်းတစ်လျှောက် ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းမှုများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်မှုများ ရှိလာခဲ့သည်။ လက်ရှိတွင် စစ်တပ်၏လေကြောင်းကုန်းကြောင်း ထိုးစစ်ဆင်မှု များကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့သည့်အပြင် တောတောင်များအတွင်း ပုန်းခိုနေထိုင်နေကြရပြီး လူသားချင်းကူညီမှု အထောက်အပံ့များကို အရေးတကြီးလိုအပ် လျက်ရှိနေပါသည်။

ကျွန်ုပ်တို့ ကရင်မြစ်ချောင်းများ စောင့်ကြည့်ရေးအဖွဲ့၊ ဌာနေကရင်တိုင်းရင်းသားများ၊ ကရင်အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတကာအစိုးရများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် လူပုဂ္ဂိုလ်များအား ကျွန်ုပ်တို့၏ သက်ရှိမြစ်များနှင့် ၎င်းတို့၏ ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆိုးကျိုးသက်ရောက်မှုများသော မြန်မာနိုင်ငံ၏မြစ်ချောင်းများပေါ်ရှိတွင် တည်ဆောက်မည့်အကြီးစား ရေအားလျှပ်စစ် စီမံကိန်းများအားလုံးကို ရပ်ဆိုင်းရန် တောင်းဆိုပါသည်။

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ မြစ်ချောင်းများနေ့နှင့် ရေကာတာဆန့်ကျင်ရေးနေ့တွင် ကျွန်ုပ်တို့သည် သက်ရှိမြစ်များ အလှတရားနှင့် စွမ်းအားများကို ဂုဏ်ပြုပြီး လူသားအားလုံးနှင့် ကမ္ဘာမြေကြီးအတွက် ၎င်းတို့ကို ကာကွယ်စောင့်ရှောက်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်များကို သက်တမ်းတိုးလိုက်ပြီး အောက်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

ကရင်အမျိုးသားအစည်းအရုံးအနေဖြင့်

- မြေယာများအား သိမ်းယူခြင်း၊ သစ်တောများ ပျက်စီးခြင်းနှင့် ဒေသခံ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပေါ် ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေမည့် အကြီးစား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သယံဇာတတူးဖော်ထုတ်လုပ်ရေး စီမံကိန်းများအားလုံးကို ကန့်ကွက်ရန်
- ရှိနှင့်ပြီးသား သဘာဝပတ်ဝန်းကျင်ဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော်ပြီး မြစ်ချောင်းများ၊ သစ်တောအရင်းအမြစ်များ၊ ရှားပါးမျိုးစိတ်များနှင့် သယံဇာတအရင်းအမြစ်များကို ပြုန်းတီးပျောက်ပျက်မသွားအောင် ကာကွယ်စောင့်ရှောက်ရန်
- ကော်သူးလေနယ်မြေအတွင်း သဘာဝအရင်းအမြစ်များအပေါ် ကြီးမားသော စီးပွားရေးဆိုင်ရာ အမြတ်ထုတ်ခြင်းများကို အရေးယူဆောင်ရွက်ရန်။

- တိုင်းရင်းသားများ၏ အရင်းအမြစ်များကို အမြတ်ထုတ်နေသော ဗဟိုထိန်းချုပ်ထားသည့်စနစ်ကို သက်ဆိုးရှည်စေသည့် အာဏာရှင်စနစ်ကို တိုက်ဖျက်ရန်၊ ဒေသအခြေပြု စီမံခန့်ခွဲမှုစနစ်များကို တွန်းအားပေးလုပ်ဆောင်ရန်

အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီအနေဖြင့်

- ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားလိုက်နာပြီး ဖက်ဒရယ်စနစ်သယံဇာတ စီမံအုပ်ချုပ်မှုစနစ်ကို ဖော်ဆောင်နိုင်ရန်အတွက် မူဝါဒများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ရန်
- လက်ရှိ စစ်အစိုးရအား ငွေကြေးထောက်ပံ့နေသည့် သယံဇာတထုတ်ယူမှုများ လုပ်ဆောင်နေသော ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား အမည်ပျက်စာရင်းသွင်းရန်
- သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို နိုင်ငံတကာ အသိုင်းအဝိုင်းသို့ စည်းရုံးလှုပ်ဆော်ရန်အတွက် အရပ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်

နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ကုလသမဂ္ဂ အေဂျင်စီများအနေဖြင့်

- ပြည်သူများ၏ လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်တို့အပေါ် ထိခိုက်စေသော ရေကာတာစီမံကိန်းများကို အကောင်အထည်ဖော်မည့် ကုမ္ပဏီများအား ချေးငွေဆိုင်ရာ အစီအစဉ်များကို ရုတ်သိမ်းရန်။
- လက်ရှိ မြန်မာနိုင်ငံအနှံ့တွင် ဖြစ်ပွားနေသော အကြမ်းဖက်စစ်တပ်၏ အဓမ္မလုပ်ရပ်များကြောင့် ထိခိုက်ခံစားနေရသောပြည်သူများအတွက် နယ်စပ်ဖြတ်ကျော်အရေးပေါ် လူသားချင်းစာနာမှုအထောက်အပံ့များကို လက်လှမ်းမှီနိုင်ရန်အတွက် တိုင်းရင်းသားအဖွဲ့အစည်းများမှတဆင့် ဆောင်ရွက်ရန်။

ဆက်သွယ်ရန် _

၁) စောသာဘိုး - +၉၅၉ ၇၈၂၆၃၉၇၁၄ (Signal No.) (Burmese and English)

၂) နော်ဆာမူး - +၆၆၉ ၉၇၉၉၅၈၁၇၇ ( Karen and English)